# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# ၃၀ ရက်မြောက်နေ့အစီအစဉ်
# [ ၂၂-၃-၂၀၁၃ ] (သောကြာနေ့) (၁၀၃၀)အချိန်

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုးဝင်း၊ စမ်းချောင်း မဲဆန္ဒနယ်၏ **ရန်ကုန်မြို့အပါအဝင် မြို့ကြီးများတွင် ကျရောက်နေသော ဓာတ်ရောင်ခြည်သင့်မှုကို ဖြစ်စေနိုင်သည့် ခရမ်းလွန်ရောင်ခြည်များ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးမြသိန်း၊ ဘိုကလေး မဲဆန္ဒနယ်၏ **ရေငန်ဝင်ရောက်သည့် ကမ်းရိုးတန်းဒေသများ၌ သောက်သုံးရေ အလုံအလောက်ရရှိရေး ဆောင်ရွက်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပညာရေးစနစ်တွင် နိုင်ငံတကာဒီမိုကရေစီကျင့်စဉ်များကို သိရှိလေ့လာနိုင်ရန် ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားပေးနိုင်ရေး** နှင့် စပ်လျဉ်းသည့်မေးခွန်း။

( ဃ ) ဦးအောင်မြသန်း၊ ညောင်တုန်း မဲဆန္ဒနယ်၏ **တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရန် အတွက် လယ်ယာမြေ၊ မျိုးစေ့၊ ချေးငွေ၊ပိုးသတ်ဆေး၊ စိုက်ပျိုးရေးနည်းပညာစသည့်ကိစ္စရပ်များ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးငွေဝင်း၊ လယ်ဝေး မဲဆန္ဒနယ်၏ **တောင်သူလယ်သမားများနှင့် အလုပ်သမားများ အခွင့်အရေး ကာကွယ်သည့် ဥပဒေ ဆောင်ရွက်ပြီးစီးမှုအခြေအနေ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော်ရုံးဖွဲ့စည်းပုံတိုးချဲ့မှုအား ကိုယ်စားလှယ်များသို့ အသိပေးတင်ပြခြင်းနှင့်လွှတ်တော်၏အတည်ပြုချက်ရယူခြင်း။

၇။ ကော်မတီနှင့်ကော်မရှင်အဖွဲ့ဝင်များပြောင်းလဲဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

၈။ ၁၉-၃-၂၀၁၃ ရက်နေ့တွင် တင်သွင်းသော သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်၏ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ မှ တာဝန်ယူပြီး သက်ဆိုင်ရာ လွှတ်တော်ကော်မတီများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းကာ ဥပဒေကြမ်း ရေးဆွဲတင်ပြရန် တာဝန်ပေးအပ်ခြင်း။

၉။ အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်မရှိပြန်လည်ပေးပို့သော **"ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၁၀။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၁၁။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၁၂။ **"မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြား ရှင်းလင်းခြင်း။

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **"မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခြင်း။

၁၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ်ပြည်သူ့လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။